# မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံကုန်သွယ်မှုကတော့ နံပါတ်တစ်ပါ၊ ကုန်သွယ်မှုစုစုပေါင်းဘီလီယံ ၃၀ ကျော်မှာ တရုတ်နဲ့ ကုန်သွယ်မှုတန်ဖိုးက ၁၁ ဘီလီယံကျော်ပါတယ်

ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး

သတင်းအဖွဲ့

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် ၁၅ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တွေ့ဆုံမေးမြန်းထားသည့် ၁၅ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဖော်ပြလိုက်ပါသည်-**

**မေး။ ။ ၁၅ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံကလုပ်ငန်းရှင်များ ပါဝင်ပြသမှုနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို နှစ်တိုင်းပါဝင်ပြသပါတယ်။ အခုဆိုရင် ၁၅ ကြိမ်မြောက် ရှိပြီဖြစ်ပါတယ်။ ဒီနှစ်မှာ ထူးခြားတာက ကုန်စည်ပြခန်းဆောင်နဲ့ပတ်သက်ပြီး ပြခန်းအများဆုံး ပြသနိုင်တဲ့နှစ်ဖြစ်ပါတယ်။ အရင်နှစ်တွေက ပြခန်းပေါင်း ၁၁၀၊ ၁၁၅ ခန်းလောက်ပဲပြနိုင်ခဲ့ပြီး ဒီနှစ်မှာတော့ ပြခန်းပေါင်း ၁၆၈ ခန်းအထိ ပြသနိုင်ပါတယ်။ နောက်ထပ်ပြခန်းမှာ ပြသချင်တဲ့လုပ်ငန်းရှင်တွေ ရှိသေးပေမယ့် ပြခန်းနေရာ အကန့်အသတ်ရှိနေတဲ့အတွက် ဒီလောက်ပဲနေရာပေးနိုင်ခဲ့ပါတယ်။ ပြသတဲ့ပစ္စည်းတွေနဲ့ ပတ်သက်ရင်လည်း ပစ္စည်းအမျိုးအစားများစွာ စုံလင်လာပါတယ်။ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းတွေ၊ လက်မှုပစ္စည်းတွေ၊ သစ်တောထွက်ပစ္စည်းတွေ၊ ကျောက်မျက်ရတနာတွေ၊ ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ပြခန်းတွေ၊ ကုန်သည်အသင်းတွေရဲ့ ပြခန်းတွေကို ပြသနိုင်ခဲ့ပါတယ်။ နောက်ပြီး အမျိုးသားပြခန်းဆောင်နဲ့ပတ်သက်လို့ ဒီနှစ်မှာကျွန်တော်တို့ရဲ့ (City of Charm) နှစ်လိုဖွယ်ရာမြို့အဖြစ် ကရင်ပြည်နယ် ဘားအံမြို့ကိုရွေးချယ်ထားတယ်။ ဘားအံမြို့ကို ရွေးချယ်ထားတဲ့အတွက် ဘားအံမြို့ပတ်ဝန်းကျင်အလှအပတွေကို အမျိုးသားပြခန်းမှာ လှလှပပဒီဇိုင်းတွေနဲ့ ခင်းကျင်းပြသထားပါတယ်။ လာရောက်လေ့လာသူတွေကိုလည်း ကရင်ပြည်နယ်က လက်ရွေးစဉ်အကအဖွဲ့နဲ့ ကရင်ရိုးရာအကတွေကို ကပြဖျော်ဖြေတယ်။ လာရောက်လေ့လာကြသူတွေ အနေနဲ့လည်း အထူးစိတ်ဝင်စားကြပါတယ်။ ဒါကြောင့် ဒီနှစ်ကအောင်မြင်တဲ့နှစ်လို့ပြောနိုင်ပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံကုန်သွယ်မှုကတော့ နံပါတ်တစ်ပါ။ ကုန်သွယ်မှု စုစုပေါင်းဘီလီယံ ၃၀ ကျော်မှာ တရုတ်နဲ့ ကုန်သွယ်မှုတန်ဖိုးက ၁၁ ဘီလီယံကျော်ပါတယ်။ အများဆုံးကုန်သွယ်တဲ့ နယ်စပ်ကုန်သွယ်ရေးနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှာ နယ်စပ်ကုန်သွယ်ရေးက သိသိသာသာတိုးတက်နေသလို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလည်း တိုးတက်နေပါတယ်။ သစ်သီးဝလံနဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို အများကြီးတင်ပို့နိုင်တယ်။ ဆက်လက်ပြီး လယ်ယာထွက်ကုန်ကို အခြေခံတဲ့ ပို့ကုန်ပစ္စည်းသစ်တွေ တင်ပို့နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။

> **ကျွန်တော်တို့နိုင်ငံမှာ ပစ္စည်းတွေများစွာရှိပေမယ့် အရည်အသွေးက တန်းမမီဘူး။ သူတို့ကိုအာမခံတဲ့ Certificate တွေ ထုတ်မပေးနိုင်ဘူး။ ပို့ကုန်တစ်ခု အောင်မြင်ဖို့အတွက် ပြည့်စုံရမယ့်အချက်တွေ အများကြီးလိုအပ်ပါတယ်။ ဒါတွေအားလုံးကို ဝိုင်းဝန်းဖြည့်ဆည်းမှ အောင်မြင်မှာဖြစ်ပါတယ်။ ဈေးကွက်ရှိပြီးသား ပစ္စည်းတွေကို ထိထိရောက်ရောက် ထုတ်လုပ်နိုင်ဖို့သက်ဆိုင်ရာဌာနတွေနဲ့ လုပ်ငန်းရှင်တွေက အရည်အသွေးတက်အောင်၊ ထုတ်လုပ်မှုနှုန်းတိုးတက်အောင် ဆောင်ရွက်ရပါမယ်**

ကျွန်တော်တို့ ကုန်သွယ်မှုနဲ့ပတ်သက်ပြီး အဆင့်ဆင့် ဖြေလျှော့ပေးတာတွေ ရှိပါတယ်။ အရင်ကဆိုရင် လိုင်စင်ထုတ်ပေးတဲ့အခါမှာ ဈေးနှုန်းတွေစိစစ်တယ်။ အခုဆိုရင် ဈေးနှုန်းကန့်သတ်တာတွေ၊ စိစစ်တာတွေ မရှိတော့ပါဘူး။ ကုန်သည်တွေတင်ပြထားတဲ့ ဈေးနှုန်းတွေအတိုင်း ခွင့်ပြုတယ်။ နောက်ပြီး လိုင်စင်လိုအပ်ချက်တွေကိုလည်း လျှော့ချထားတယ်။ ပို့ကုန်၊ သွင်းကုန်တွေမှာ ပစ္စည်းအမယ်ပေါင်း ၅၀ ရာခိုင်နှုန်းကျော် လိုင်စင်မလိုတော့ဘဲ ပို့လို့သွင်းလို့ရနေပြီဖြစ်ပါတယ်။ အွန်လိုင်းလိုင်စင်စနစ်ကိုလည်း တတ်နိုင်သလောက် ကျင့်သုံးနေတယ်။ အထည်ချုပ်လိုမျိုးဆိုရင် ရာနှုန်းပြည့်ကျင့်သုံးလို့ရပြီ။ ဒါတွေကို တဖြည်းဖြည်း မြှင့်တင်ရင်း အပြည့်အဝအွန်လိုင်းလိုင်စင်စနစ်ကို ကျင့်သုံးနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေ အဆင်ပြေအောင် ဘက်ပေါင်းစုံက ဆောင်ရွက်ပေးနေပါတယ်။ နောက်တစ်ဖက်ကလည်း လုပ်ငန်းရှင်တွေရဲ့ ကုန်ပစ္စည်းတွေကို ဈေးကွက်မှာနေရာရလာအောင် ကျွန်တော်တို့အဖွဲ့အနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။

အခုလိုကုန်စည်ပြပွဲတွေ ကျင်းပတာလည်း အရောင်းမြှင့်တင်ခြင်းတစ်မျိုးဖြစ်ပါတယ်။ နှစ်စဉ် တရုတ်ပြည်နဲ့ ပတ်သက်ပြီး နန်နင်းမြို့မှာတစ်ပွဲ၊ ကူမင်းမှာတစ်ပွဲ ပါဝင်ပြသပါတယ်။ နယ်စပ်မြို့တွေဖြစ်တဲ့ ရွှေလီနဲ့ မူဆယ်မြို့တွေမှာလည်း အလှည့်ကျ ကုန်စည်ပြပွဲတွေ ဆောင်ရွက်တယ်။ အခြားသောတရုတ်ပြည်က ဖိတ်ကြားတဲ့ပွဲတွေမှာလည်း ပါဝင်ပြသပါတယ်။ အခြားနိုင်ငံတွေက ပြပွဲတွေမှာလည်း ပါဝင်ပြသပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှုကို သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်စည်တွေ ကမ္ဘာ့ဈေးကွက်မှာ နေရာရလာအောင် အရောင်းမြှင့်တင်မှုတွေ ဆောင်ရွက်နေသလို ပြည်တွင်းမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ Trade Centre တွေဖွင့်လှစ်ပြီးတော့ သတင်းအချက်အလက်တွေဖြန့်ဝေပေးတယ်။ ထုတ်လုပ်မှုသတင်းတွေရယူတယ်။ နိုင်ငံကိုးနိုင်ငံမှာ ဖြန့်ထားတဲ့ ကျွန်တော်တို့ရဲ့ စီးပွားရေးသံမှူးတွေဆီကနေလည်း ဈေးကွက်သတင်းအချက်အလက်တွေ ရယူဖလှယ်တယ်။ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် အရေးကြီးတဲ့ သတင်းအချက်အလက်တွေရရှိနိုင်စေဖို့အတွက် ဝက်ဘ်ဆိုက်အသစ်တစ်ခုကို ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေအတွက် အရေးကြီးတဲ့ ဈေးကွက်သတင်းတွေ အလွယ်တကူ ရရှိအောင်၊ ကိုယ့်ပစ္စည်းတွေကိုလည်း အွန်လိုင်းမှာ တင်ပြီးတော့ ကမ္ဘာ့ဈေးကွက်မှာ တင်ပို့ရောင်းချနိုင်အောင်နဲ့ တစ်ဖက်ကလုပ်ငန်းရှင်တွေလည်း သိရှိအောင်ရည်ရွယ်တာဖြစ်ပါတယ်။ ဒီလိုနည်းတွေနဲ့ လုပ်ငန်းရှင်တွေအပေါ်မှာ ဖြေလျှော့မှုတွေရော အရောင်းမြှင့်တင်မှုတွေကိုပါ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမြင့်ဆုံးရရှိတာကတော့ ၃၃ ဒသမ ၄ ဘီလီယံလောက် ရရှိပါတယ်။ ပထမဆုံးနှစ်မှာဆိုရင် ၂၃ ဒသမ ၂ ဘီလီယံလောက်ပဲရတယ်။ တစ်နှစ်ပြီးတစ်နှစ် တက်လာပါတယ်။ ပို့ကုန်ကလည်းတက်ပါတယ်။ ကုန်သွယ်မှုပိုင်းကတော့ သိသိသာသာတိုးတက်နေတယ်။ ပို့ကုန်နှုန်းကတိုးတက်နေတယ်။ သွင်းကုန်လိုအပ်ချက်ကတော့ များပြားဆဲဖြစ်တဲ့အတွက် သွင်းကုန်ကတော့များပြားနေတယ်။ ဒါပေမယ့် ကုန်သွယ်မှုလိုငွေကို တဖြည်းဖြည်းချင်း လျှော့ချလာတဲ့အတွက် နှစ်တိုင်းနှစ်တိုင်းကုန်သွယ်မှုလိုငွေက လျော့လာပါတယ်။

ကျွန်တော်တို့ လုပ်ဆောင်နေပေမယ့် အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် နည်းနေသေးပါတယ်။ ဘာကြောင့် ဒီလိုဖြစ်လဲဆိုတော့ သူတို့နိုင်ငံတွေမှာ ရေရှည်စီမံကိန်းတွေနဲ့ အားကောင်းတဲ့ အဓိကပို့ကုန်တွေကို အရှိန်အဟုန်ရအောင် လုပ်ခဲ့ကြတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ဒီလိုဆောင်ရွက်ဖို့ လိုအပ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ အလားအလာကောင်းတဲ့ ပစ္စည်းတွေရှိတယ်။ အဓိကကတော့ မြေသယံဇာတ၊ ရေသယံဇာတစတာတွေ ကောင်းမွန်တဲ့အတွက် စိုက်ပျိုးရေးက အဓိကဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်တွေကို လက်လွှတ်လို့မဖြစ်ပါဘူး။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း စားသုံးမှုမြင့်မားတဲ့ နိုင်ငံကြီးတွေရှိတယ်။ အဲဒီတော့ နံပါတ်တစ်အနေနဲ့ ကျွန်တော်တို့ဆီမှာ ထုတ်လုပ်မှုတက်ဖို့လိုအပ်တယ်။ ထုတ်လုပ်မှုတက်မှ ကုန်သွယ်မှုက တက်လို့ရမှာဖြစ်တယ်။ ဒါကြောင့် ထုတ်လုပ်မှုလုပ်တဲ့ ကဏ္ဍတွေက ဒီလိုအရည်အသွေးရှိတဲ့ ပစ္စည်းတွေကို အရေအတွက်ရော အရည်အသွေးပါ တိုးတက်ကောင်းမွန်စေဖို့ တစိုက်မတ်မတ် လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ဒီလိုအရည်အသွေးရှိတဲ့ပစ္စည်းတွေကို ဈေးကွက်ရှာပေးဖို့က ကျွန်တော်တို့ရဲ့တာဝန်တွေဖြစ်ပါတယ်။



ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး

ပို့ကုန်ထုတ်လုပ်မှုနဲ့ ပတ်သက်ရင် တစိုက်မတ်မတ်လုပ်တဲ့ စီမံကိန်းတွေလိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အမျိုးသားပို့ကုန် မဟာဗျူဟာဆိုပြီးတော့ ငါးနှစ်စီမံကိန်းကို ၂၀၁၃ ခုနှစ်က စတင်ရေးဆွဲထားပြီး ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်နေတယ်။ ဈေးကွက်ကိုလေ့လာပြီးတော့ ဘယ်ပစ္စည်းတွေက အလားအလာရှိတယ်ဆိုပြီး အဓိကပို့ကုန်ပစ္စည်းတွေကို သတ်မှတ်ထားပါတယ်။ ဒီလိုအဓိကပို့ကုန်တွေကို အောင်မြင်စွာထုတ်လုပ်နိုင်စေဖို့ အားပေးမြှင့်တင်မယ့် ဝန်ဆောင်မှုတွေ အထောက်အကူတွေလည်း လိုအပ်ပါတယ်။ ငွေကြေးအရင်းအနှီးတွေ၊ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့ကုန်သွယ်မှုသတင်းအချက်အလက်တွေ လိုအပ်ပါတယ်။ နောက်တစ်ခုက ပစ္စည်းတစ်ခုကို ဈေးကွက်မှာ မယှဉ်ပြိုင်နိုင်တာ ဈေးနှုန်းကြောင့် သို့မဟုတ် အရည်အသွေးကြောင့် မယှဉ်ပြိုင်နိုင်တာလားဆိုပြီးရှိတယ်။ ဒါဆိုရင် ရောင်းလို့မရဘူး။ ဈေးနှုန်းကြီးရခြင်းရဲ့အကြောင်းက Logistic က အဓိကပါ။ ဒါကြောင့် Logistic က အရေးကြီးတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပစ္စည်းတွေများစွာရှိပေမယ့် အရည်အသွေးက တန်းမမီဘူး။ သူတို့ကို အာမခံတဲ့ Certificate တွေ ထုတ်မပေးနိုင်ဘူး။ ပို့ကုန်တစ်ခု အောင်မြင်ဖို့အတွက် ပြည့်စုံရမယ့်အချက်တွေ အများကြီး လိုအပ်ပါတယ်။ ဒါတွေအားလုံးကို ဝိုင်းဝန်းဖြည့်ဆည်းမှ အောင်မြင်မှာဖြစ်ပါတယ်။ ဈေးကွက်ရှိပြီးသားပစ္စည်းတွေကို ထိထိရောက်ရောက် ထုတ်လုပ်နိုင်ဖို့သက်ဆိုင်ရာဌာနတွေနဲ့ လုပ်ငန်းရှင်တွေက အရည်အသွေးတက်အောင်၊ ထုတ်လုပ်မှုနှုန်းတိုးတက်အောင် ဆောင်ရွက်ရပါမယ်။ ဒီဘက်ကလည်း ဈေးကွက်ရှာမယ်ဆိုရင် ပို့ကုန်ကတက်လာမှာဖြစ်ပါတယ်။ ပို့ကုန်တက်လာရင် ကုန်သွယ်မှုလိုငွေက လျော့လာပြီး မြန်မာငွေတန်ဖိုးကျမှုတွေလည်း လျော့ပါးသွားမယ်။ ဒါကြောင့် ကိုယ့်နိုင်ငံရဲ့ထုတ်ကုန်တွေကို ထိထိရောက်ရောက် ထုတ်လုပ်ရောင်းချနိုင်ဖို့က အရေးကြီးတယ်။ ဒီကိစ္စကိုအားလုံးက တစိုက်မတ်မတ် ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်မယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ အာဆီယံ-တရုတ် ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံက သဘာဝထွက်ကုန်တွေ ပြသတဲ့အခြေအနေက ဘယ်လိုရှိပါသလဲ သိချင်ပါတယ်။**

ဖြေ။ ။ အာဆီယံ-တရုတ် ကုန်စည်ပြပွဲမှာ သဘာဝထွက်ကုန်နဲ့ပတ်သက်ပြီးတော့ မြန်မာပြခန်းမှာ နာမည်ကြီးတာ ကျောက်မျက်၊ ကျောက်စိမ်းဖြစ်ပါတယ်။ ကျောက်စိမ်းပြခန်းတွေကိုလည်း ဝေဝေဆာဆာပြသနိုင်ပြီး အရည်အသွေးလည်းကောင်းမွန်တဲ့အတွက် ကျောက်စိမ်းပြခန်းတွေက လာရောက်ဝယ်ယူသူတွေကို အဓိကလွှမ်းမိုးထားနိုင်တယ်။ သစ်သီးဝလံတွေ၊ လက်မှုပစ္စည်းတွေကိုလည်း အဓိကပြသကြတယ်။ ပစ္စည်းအသစ်အနေနဲ့ ပြသအောင်မြင်နေတာကတော့ လက်ဖက်ခြောက်၊ လက်ဖက်စိုပေါ့။ လက်ဖက်ခြောက် အင်မတန်ပေါများတဲ့ နိုင်ငံမှာတောင် မြန်မာနိုင်ငံက လက်ဖက်ခြောက်ကို လက်ခံလာကြတယ်။ အထူးသဖြင့် ကိုးကန့်ဘက်က လက်ဖက်ခြောက်တွေက အရည်အသွေး မြင့်မားတယ်။ ဈေးလည်းရတယ်။ နှစ်စဉ် လက်ဖက်ရောင်းတဲ့ ကုန်သည်တွေတိုးလာပြီး အော်ဒါတွေလည်းရတယ်။ လက်ဖက်ရည် (Tea) ကိုလည်း ပြသတော့ ကြိုက်ကြတယ်။ ကော်ဖီတွေလည်း တိုးပြီးပြပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း ဒီလို အရည်အသွေးရှိတဲ့ ထုတ်ကုန်အသစ်တွေကို လာရောက်ပြသကြဖို့ ဖိတ်ခေါ်ပါတယ်။

အဓိကကုန်စည်ပြပွဲတွေ ပြတယ်ဆိုတာ ပြသရင်း ပစ္စည်းတွေကို ကြိုက်နှစ်သက်တယ်ဆိုရင် အော်ဒါတွေ၊ အမှာစာတွေပေးကြတယ်။ တချို့က စီးပွားရေးမိတ်ဖွဲ့တွေ ရသွားကြတယ်။ ဒီလိုအဆက်အသွယ်တွေရသွားပြီး ထုတ်လုပ်မှုတိုးချဲ့မယ်၊ ဈေးကွက်တိုးချဲ့နိုင်မယ်။ ဒီလိုနည်းနဲ့ အောင်မြင်လာကြတာဖြစ်တယ်။ ဒါကြောင့်လည်း တစ်နှစ်ပြပြီးတဲ့သူက နှစ်စဉ်လိုက်ပါပြသနိုင်ဖို့ ကြိုးစားတယ်။ တစ်နှစ်လာတိုင်းလည်း ဖောက်သည်တွေတိုးပြီးရပါတယ်။ နောက်နှစ်တွေမှာ ဒီထက်နေရာပိုမိုရဖို့ တောင်းဆိုပြီး ပြသသွားမှာဖြစ်ပါတယ်။

ဒီပွဲမှာ NationalPromotion Conference တစ်ခု လုပ်တယ်။ ပို့ကုန်တွေကို promotion လုပ်တဲ့ ဆွေးနွေးပွဲပါ။ ဒုတိယသမ္မတ တက်ရောက်ချီးမြှင့်သလို အခြားတရုတ်နိုင်ငံက လူကြီးတွေလည်း တက်ရောက်ကြတယ်။ တရုတ်-မြန်မာ လုပ်ငန်းရှင်တွေ တက်ရောက်ကြပြီး မြန်မာနိုင်ငံထုတ်ကုန်တွေကို ရှင်းလင်းကြမယ်။ အဲဒီမှာ တရုတ်-မြန်မာ လုပ်ငန်းရှင်တွေအချင်းချင်း ချိတ်ဆက်မှုတွေရသွားမှာဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ တရုတ်နိုင်ငံက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းရဲ့ ၂၆ ရာခိုင်နှုန်းလောက်က တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံတာဖြစ်ပါတယ်။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုက လက်ရှိမှာ အမြင့်ဆုံးဖြစ်နေပြီး နောက်ထပ်အလားအလာတွေလည်း အများကြီးရှိပါတယ်။ ထုတ်လုပ်မှုကဏ္ဍအားလုံးမှာ နိုင်ငံတော်အနေနဲ့ မလွှယ်နိုင်ပါဘူး။ ဒါကြောင့် အမှန်တကယ် အဓိကပို့ကုန်အဖြစ် မြှင့်တင်မယ့် ပို့ကုန်အမယ်ပစ္စည်းတွေ ထုတ်လုပ်နေတဲ့သူတွေကို ထိထိရောက်ရောက် ကူညီအားပေးမယ်ဆိုရင် ပိုမိုထိရောက်လာမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေ လုပ်သာကိုင်သာတဲ့ စီးပွားရေးပတ်ဝန်းကျင်ရှိဖို့ လိုပါတယ်။ ဒါကြောင့် ဒီလိုစီးပွားရေးပတ်ဝန်းကျင်မျိုးကို လုပ်ဆောင်ပေးနိုင်မယ်ဆိုရင် ထုတ်လုပ်မှုလည်းတက်မယ်၊ လုပ်ကိုင်ရတာလည်း လွယ်မယ်၊ ဈေးကွက်ကလည်း ရှိမယ်ဆိုရင် တိုးတက်မှုမြန်ဆန်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဖြစ်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးကို အခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဓိကလှုံ့ဆော်မြှင့်တင်ပေးရတဲ့ ဌာနဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ဒီတာဝန်ကို ကျေပွန်အောင် အထူးကြိုးစားနေပါတယ်။ အခုလိုကျင်းပတဲ့ ကုန်စည်ပြပွဲတွေမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုတဲ့လုပ်ငန်းရှင်တွေ လွယ်ကူစွာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်အောင် ကြိုးစားပေးနေပါတယ်။ အခြားသော ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း အဘက်ဘက်က ဆောင်ရွက်ပေးနေပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံကုန်သွယ်မှု တိုးတက်အောင်ဆောင်ရွက်ပေးကြဖို့ အသိပေးတိုက်တွန်းလိုပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။